# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး

# ၂၄ ရက်မြောက်နေ့ အစီအစဉ်

# [၂၁ - ၈ - ၂၀၁၃ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့နယ်အနောက်ခြမ်းရှိ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံကျေးလက်လမ်းမကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာနမှ ပြုပြင်မွမ်းမံပေးသွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ချင်းပြည်နယ်၊ တီးတိန် မြို့နယ်၊ လိုင်တွီးကျေးရွာ၏ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နသန်ဇန် ချောင်းမှ ရေသွယ်ယူပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမည့်သူမရှိသော စိတ်ရောဂါဝေဒနာရှင် လေလွင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်မှ ကြပ်မတ်စီမံစောင့်ရှောက်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ စစ်တွေဆေးရုံကြီးတွင် မြို့တော်အင်္ဂါရပ်နှင့် လိုက်လျောညီမျှစေသည့် ဆေးကုသရေးဆိုင်ရာကဏ္ဍနှင့်ပတ်သက်၍ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်၊ အစာအိမ်အူလမ်းကြောင်း အထူးကုဆရာဝန်တို့ထားရှိပြီး ဆေးကုသရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ပဲခူးတိုင်းဒေသကြီး၊ ပဲခူး - သနပ်ပင် - ကဝမြို့နယ် လမ်းဘေးဝဲယာရှိ လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲနိုင်ရန် မြေဂရန်ချထားပေးနေမှုအပေါ် မည်သို့စိစစ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်တွေမြို့၏ လက်ရှိမြို့ပြ တည်ဆောက်မှု၊ တိုးချဲ့တည်ဆောက်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာတို့၌ အားနည်းချက်များ မရှိစေရန်နှင့် လူထုယုံကြည်အားကိုးသည့် စည်ပင်သာယာအုပ်ချုပ်မှုဖြစ်စေရန် အနာဂတ်၌ မည်ကဲ့သို့ စီစဉ်ထားရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ချင်းပြည်နယ်၊ မတူပီမြို့မှ ဝံဖူးချောင်းအထိ လမ်းကျယ်ချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ၄ ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အခြေခံပညာ နယ်ပယ်တွင် တိုးချဲ့ပြုပြင်ဖွဲ့စည်းထားရှိသည့် ရာထူး အဆင့်အလိုက်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထားရှိမှုနှင့် လက်တွေ့လုပ်ဆောင်အကောင်အထည် ဖော်ဆောင်နေမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ၅ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာ အထက်တန်းကျောင်း(ခွဲ)တွင် အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ရန်ပုံငွေချထားပေးရန်နှင့် ကျောကျေးရွာ အုပ်စု၊ စကားကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။